CHUBB

Chubb Life Insurance Myanmar Limited
18F Myanmar Centre Tower 2,
192 Kabar Aye Pagoda Rd, Bahan Tsp,
Yangon, Myanmar.

Office : +959 7500 66 908
Fax : +951 934 588
Hot Line : +959 7500 66 900
http://life.chubb.com/mm

## ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
## ပေါ်လစီစည်းမျဉ်းများ

၁။ အောက်ပါအဖြစ်အပျက်များနှင့် အကြောင်းအရာများကြောင့်၎င်း၊ အကျိုးဆက်များကြောင့်၎င်း၊ ဖြစ်ပေါ်သည့် သေဆုံးခြင်း မစွမ်းမသန်ဖြစ်ခြင်းနှင့် ဒဏ်ရာရခြင်း စသည်များမှာ ဤအာမခံ၌ အကျုံးမဝင်ပါ။

(က) ကြိုတင်ကြံရွယ်ချက်ဖြင့် မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်စေခြင်း၊ မစွမ်းမသန်ဖြစ်စေခြင်းနှင့် သေဆုံးစေခြင်း။

(ခ) မူးယစ်စေတတ်သောဆေးဝါး သုံးစွဲထားစဉ် )သို့) သုံးစွဲခြင်းကြောင့် ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(ဂ) ရောဂါကြောင့် သေဆုံးခြင်း၊ မစွမ်းမသန်ဖြစ်ခြင်း။

(ဃ) စစ်ဖြစ်ပွါးခြင်း (စစ်ကြေငြာသည်ဖြစ်စေ၊ မကြေငြာသည်ဖြစ်စေ)၊ စစ်အသွင်တိုက်ခိုက်ခြင်း၊ ပြည်တွင်းစစ်၊ ပုန်ကုန်ခြင်း၊ အဓိကရုဏ်း၊ စစ်တပ် (သို့) လူထုအုံကြွခြင်း၊ သောင်းကျန်းခြင်း၊ သူပုန်ထခြင်း၊ တော်လှန်ရေး၊ စစ်တပ်အာဏာသိမ်းခြင်း၊ စစ်အမိန့်ထုတ်ပြန်ခြင်း (သို့) သိမ်းပိုက်ထားခြင်း၊ ပြည်တွင်းဆူပူ သောင်းကျန်းခြင်း၊ ၎င်းတို့ကိုဖြစ်ပေါ်စေသော အကြောင်းရင်းများ (သို့) ၎င်းတို့၏ အကျိုးဆက်များကြောင့် ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(င) ရာဇဝတ်မှု ကျူးလွန်ရာမှ ဒဏ်ရာအနာတရဖြစ်ခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

(စ) သူတစ်ပါး၏ လက်ချက်ကြောင့်ဖြစ်စေ၊ သူတစ်ပါး၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဖြစ်စေ၊ ယင်းနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်း။

၂။ မတော်တဆထိခိုက်မှုဖြစ်ပွါးပြီးနောက်(၃)လကျော်လွန်ပြီး (၄)လမတိုင်မီဖြစ်ပေါ်သောဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများမှာ အဆိုပါမတော်တဆဖြစ်ပွါးမှုကြောင့်ဖြစ်ကြောင်း ခိုင်လုံစွာသက်သေပြနိုင်မှသာ ၎င်းတို့သည်ဤအာမခံ၌အကျုံးဝင်မည် ဖြစ်သည်။

၃။ အကျိုးခံစားခွင့် တောင်းခံမည့်အဖြစ်အပျက် တစ်စုံတစ်ရာဖြစ်ပေါ်ပါက အချက်အလက်အပြည့်အစုံနှင့်တကွ ဤကုမ္ပဏီသို့ (၁၄)ရက်အတွင်း အကြောင်းကြားရမည်။ သတ်မှတ်ထားသောတောင်းခံလွှာဖြင့် လိုအပ်သောအထောက်အထားများ ပူးတွဲ၍တောင်းခံရမည်။

၄။ ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများအတွက် ကုမ္ပဏီ၏ဆရာဝန်များကအလောင်းကို ခွဲစိတ်စစ်ဆေးခြင်း (Post-Mortem Examination) အပါအဝင် လိုအပ်သလိုစစ်ဆေးမည်။

၅။ ဤကုမ္ပဏီက ဤအာမခံကိုဖျက်သိမ်းခဲ့လျှင် တည်မြဲခဲ့သောကာလအတွက် အချိုးကျရက်တွက် ပရီမီယံနှုန်း (Pro rata) နှင့်တွက်ချက်၍ ပိုငွေပြန်အမ်းမည်။

၆။ ပေါ်လစီတစ်စောင်အတွက် အများဆုံးရနိုင်သော အကျိုးခံစားခွင့်စုစုပေါင်းမှာ အာမခံထားငွေ ဖြစ်သည်။

၇။ မစွမ်းမသန်ဖြစ်ခြင်းအတွက် အကျိုးခံစားခွင့်ကို အခြားအကျိုးခံစားခွင့်နှင့် ပူးတွဲခံစားခွင့်မရှိ။

၈။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့် စပ်လျဉ်း၍ အာမခံထားသူ/အကျိုးခံစားခွင့်ရှိသူနှင့် အာမခံလက်ခံသူတို့ သဘောထားကွဲပြားခြားနားမှု ပေါ်ပေါက်ခဲ့လျှင် တစ်ခြားကိစ္စများမပါဝင်ပဲ ယင်းခြားနားမှုတစ်ခုတည်းအတွက်သာ သဘောထားမတိုက်ဆိုင်သူ ၂ဦးက စာဖြင့် ရေးသားခန့်အပ်သော အနုညာတခုံ လူကြီး၏ဆုံးဖြတ်ချက်ကို နာခံရမည်။ (သို့မဟုတ်) ၎င်းတို့ ၂ဦးက ခုံလူကြီးတစ်ဦးတည်းခန့်အပ်ခြင်းကို သဘောမတူလျှင် ဆုံးဖြတ်ရမည့်ကိစ္စနှင့် လုံးဝမသက်ဆိုင်သည့် ခုံလူကြီး ၂ ဦး၏ ဆုံးဖြတ်ချက်ကိုနာခံရမည်။ အခြားတစ်ဦးက ခုံလူကြီးခန့်ထားရန် စာရေးအကြောင်းကြားလာလျှင် ကျန်တစ်ဦးက မိမိ၏ခုံလူကြီးအား ပြက္ခဒိန်၂လအတွင်း ခန့်ထားရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသည် မိမိ၏ခုံလူကြီးကိုခန့်ထားရန် နို့တစ်စာကိုလက်ခံရရှိပြီးနောက် ပြက္ခဒိန် ၂လအတွင်း မိမိ၏ ခုံလူကြီးအား ခန့်ထားရန် ငြင်းဆန်လျှင်သော်လည်းကောင်း၊ ပျက်ကွက်လျှင်သော်လည်းကောင်း၊ ကျန်သဘောထား မတိုက်ဆိုင်သူက တစ်ဦးတည်းသော ခုံလူကြီးကို ခန့်ထားပိုင်ခွင့်ရှိသည်။ ခုံလူကြီး ၂ဦးအတွင်း သဘောထားကွဲလွဲလျှင် ဆုံးဖြတ်ရန်ကိစ္စကို မဆောင်ရွက်မီကပင် ၎င်းတို့ ၂ဦးစလုံးက ကြိုတင်စာရေးခန့်ထားသော ဒိုင်လူကြီး၏ဆုံးဖြတ်ချက်ကို နာခံရမည်။ ဒိုင်လူကြီးသည် ခုံလူကြီးများနှင့် အတူတကွ ရုံးထိုင်ကာ ၎င်းတို့ဆွေးနွေးညှိနှိုင်းခြင်းအပေါ်တွင် သဘာပတိမှုရမည်။ သဘောထားမတိုက်ဆိုင်သူ တစ်ဦးဦးသေဆုံးခြင်းကြောင့် ခုံလူကြီး၊ ခုံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီး၏ အာဏာနှင့်လုပ်ပိုင်ခွင့် အသီးသီးကို မထိခိုက်၊ မပျက်ပြယ်စေရ။ ခုံလူကြီးတစ်ဦး (သို့မဟုတ်) ဒိုင်လူကြီး သေဆုံးလျှင် ၎င်းအားခန့်အပ်ခဲ့သော သဘောထားမတိုက်ဆိုင်သူ ကလည်းကောင်း၊ ခုံလူကြီးများကလည်းကောင်း၊ (ဖြစ်ပေါ်သည့်အတိုင်း) သေဆုံးသူအစား အခြားတစ်ဦးဦးအား အစားထိုးခန့်ထားရမည်။ ဆုံးဖြတ်ရန် ဆောင်ရွက်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့အတွက် ကျသင့်စရိတ်စကမှာ ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့် ခုံလူကြီး၊ ခုံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီးက သတ်မှတ်သည့်အတိုင်းဖြစ်သည်။ အကျိုးခံစားခွင့်ပေးလျော်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွါးပါက ခုံလူကြီး၊ ခုံလူကြီးများ (သို့မဟုတ်) ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကို ဦးစွာရရှိပြီးမှသာ ဤပေါ်လစီနှင့်အညီ မည်သည့် ဥပဒေအကြောင်းအရ ဆောင်ရွက်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းကိုမဆို ပြုလုပ်နိုင်ခွင့်ရှိသည်။ ထိုကဲ့သို့ တရားဥပဒေစွဲဆိုခြင်းကို ဆုံးဖြတ်ချက်ရရှိပြီးနောက်(၁၂)လအတွင်းမဆောင်ရွက်လျှင် အကျိုးခံစားခွင့်တောင်းခံခြင်းကို လုံးဝစွန့်လွှတ်လိုက်ပြီဟု ယူဆရမည်ဖြစ်ကာ မည်သည့်အကျိုးခံစားခွင့်ကိုမှမရရှိနိုင်တော့ပါ။

၉။ အဆိုလွှာတွင် ဖြည့်စွက်ချက်များ အဖြေစသည်များတိကျမှန်ကန်ခြင်းနှင့် ပေါ်လစီစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ခြင်း /မှာ အကျိုးခံစားခွင့် ပေးချေခြင်းအတွက် အဓိကလိုအပ်ချက်များဖြစ်သည်။

## ကိုယ်အင်္ဂါထိခိုက်မှုအာမခံ အကျိုးခံစားခွင့်များ

| စဉ် | အကြောင်းအရာ | အာမခံထားငွေ၏ ရာခိုင်နှုန်း |
|---|---|---|
| ၁။ | သေဆုံးခြင်း | ၁၀၀ |
| ၂။ | ထာဝစဉ်လုံးဝမစွမ်းမသန်ဖြစ်ခြင်း | ၁၀၀ |
| ၃။ | လက်မောင်းရင်းမှလက်ကောက်ဝတ်အထိတစ်နေရာရာတွင်လက်နှစ်ဖက်လုံးဝပြတ်ခြင်း | ၁၀၀ |
| ၄။ | ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာတွင်ခြေနှစ်ဖက်လုံးဝပြတ်ခြင်း | ၁၀၀ |
| ၅။ | မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း | ၁၀၀ |
| ၆။ | လက်မောင်းရင်းမှလက်ကောက်ဝတ်အထိတစ်နေရာရာတွင်လက်တစ်ဖက်လုံးဝပြတ်ခြင်း | ၅၀ |
| ၇။ | ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာရာတွင်ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅၀ |
| ၈။ | မျက်စိတစ်ဖက်လုံးဝကွယ်ခြင်း | ၅၀ |
| ၉။ | မျက်နှာနှင့်ဦးခေါင်းပိုင်းရုပ်ဆင်းအင်္ဂါပျက်ခြင်း | ၅၀ |
| ၁၀။ | နားနှစ်ဖက်လုံးဝပင်းခြင်း | ၅၀ |
| ၁၁။ | ခါးရိုးကျိုးခြင်း | ၅၀ |
| ၁၂။ | လည်ပင်းရိုးကျိုးခြင်း | ၅၀ |
| ၁၃။ | ခြေလက်အင်္ဂါတစ်ခုခု လက်ကောက်ဝတ်မှ အဖျားဖက်သော်လည်းကောင်း၊ ခြေကျင်းဝတ်မှအဖျားဖက်သော်လည်းကောင်း၊ လက်ချောင်းများနှင့်ခြေချောင်းများအထိမရောက်ပဲလုံးဝပြတ်ခြင်း | ၃၇. ၅ |
| ၁၄။ | နားရွက်နှစ်ဖက်လုံးဝပြတ်ခြင်း | ၃၀ |
| ၁၅။ | လက်မောင်းရင်းမှလက်ကောက်ဝတ်အထိတစ်နေရာရာမှလက်နှစ်ဖက်လုံးကျိုးခြင်း | ၃၀ |
| ၁၆။ | ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာရာမှခြေနှစ်ဖက်ကျိုးခြင်း | ၃၀ |
| ၁၇။ | တင်ပါးဆုံရိုးနှစ်ရိုးကျိုးခြင်း | ၃၀ |
| ၁၈။ | ဦးခေါင်းခွံရိုးကျိုးခြင်း | ၂၅ |
| ၁၉။ | တင်ပါးခွက်ရိုးကျိုးခြင်း | ၂၅ |
| ၂၀။ | နားတစ်ဖက်သာလုံးဝပင်းခြင်း | ၂၅ |
| ၂၁။ | ဗိုက်ခွဲကုသရခြင်း | ၂၅ |
| ၂၂။ | ကျောက်ကပ်ထိခိုက်ဒဏ်ရာရခြင်း | ၂၅ |
| ၂၃။ | ယောကျ်ားအင်္ဂါထိခိုက်ဒဏ်ရာရခြင်း | ၂၅ |
| ၂၄။ | ဆီးအိမ်ကွဲ၍ချုပ်ရခြင်း | ၂၅ |
| ၂၅။ | သရက်ရွက်ထိခိုက်ဒဏ်ရာရခြင်း | ၂၅ |
| ၂၆။ | သားအိမ်ထိခိုက်ဒဏ်ရာရခြင်း | ၂၅ |
| ၂၇။ | ဘေလုံးထိခိုက်ဒဏ်ရာရခြင်း | ၂၀ |
| ၂၈။ | ပခုံးရိုး (သို့) ညှပ်ရိုးကျိုးခြင်း | ၂၀ |
| ၂၉။ | နားရွက်တစ်ဖက်သာလုံးဝပြတ်ခြင်း | ၁၅ |
| ၃၀။ | လက်မောင်းရင်းမှလက်ကောက်ဝတ်အထိတစ်နေရာရာမှလက်တစ်ဖက်ကျိုးခြင်း | ၁၅ |
| ၃၁။ | ပေါင်ရင်းမှခြေကျင်းဝတ်အထိတစ်နေရာရာမှခြေတစ်ဖက်ကျိုးခြင်း | ၁၅ |
| ၃၂။ | နားထင်ရိုးကျိုးခြင်း | ၁၅ |
| ၃၃။ | မေးရိုးကျိုးခြင်း | ၁၅ |
| ၃၄။ | မျက်တွင်းရိုးကျိုးခြင်း | ၁၅ |
| ၃၅။ | ပါးရိုးကျိုးခြင်း | ၁၅ |
| ၃၆။ | နဖူးရိုးကျိုးခြင်း | ၁၅ |
| ၃၇။ | နားရွက်အရိုးနုကျိုးခြင်း | ၁၅ |
| ၃၈။ | လက်ကောက်ဝတ် (သို့) ခြေကျင်းဝတ်အဖျားဖက်အစွန်းကျိုးခြင်း | ၁၅ |
| ၃၉။ | ခြေမျက်စေ့ရိုးကျိုးခြင်း | ၁၅ |
| ၄၀။ | ခြေဖနောင့်ရိုးကျိုးခြင်း | ၁၅ |
| ၄၁။ | ဆီးခုံရိုးတစ်ရိုးကျိုးခြင်း | ၁၅ |
| ၄၂။ | တင်ပါးဆုံရိုးတစ်ရိုးကျိုးခြင်း | ၁၅ |
| ၄၃။ | မြီးညှောင့်ရိုးကျိုးခြင်း | ၁၅ |
| ၄၄။ | ဂုံညှင်းရိုးကျိုးခြင်း | ၁၅ |

| | | |
|---|---|---|
| ၄၅။ | မျက်စိတစ်ဖက်ဒဏ်ရာရခြင်း | ၁၅ |
| ၄၆။ | ကိုယ်ခန္ဓာ၏အခြားအစိတ်အပိုင်းတွင်သာမန်ဒဏ်ရာရခြင်း | ၁၅ |
| ၄၇။ | မိန်းမအင်္ဂါထိခိုက်ဒဏ်ရာရခြင်း | ၁၅ |
| ၄၈။ | အသွားအစားထိုးကုသရခြင်း | ၁၅ |
| ၄၉။ | နားရွက်တစ်ဖက်ဒဏ်ရာရ၍တစ်စိတ်တစ်ဒေသနားပင်းသွားခြင်း | ၁၂.၅ |
| ၅၀။ | လက်ပြင်ရိုးကျိုးခြင်း | ၁၀ |
| ၅၁။ | လက်မတစ်ချောင်းမည်သည့်နေရာတွင်မဆိုလုံးဝပြတ်ခြင်း | ၁၀ |
| ၅၂။ | နှာခေါင်းရိုးကျိုးခြင်း | ၁၀ |
| ၅၃။ | သွားဖုံးရိုးကျိုးခြင်း | ၁၀ |
| ၅၄။ | နံရိုးတစ်ချောင်းကျိုးခြင်း | ၁၀ |
| ၅၅။ | နားရွက်တစ်ဖက်ဒဏ်ရာရခြင်း | ၁၀ |
| ၅၆။ | ခြေထောက်တိုခြင်း | ၁၀ |
| ၅၇။ | ဆီးခုံရိုးနေရာရွေ့ခြင်း | ၁၀ |
| ၅၈။ | အဆစ်ခိုင်ခြင်း၊ အဆစ်လွဲခြင်း | ၁၀ |
| ၅၉။ | ခြေမတစ်ချောင်းမည်သည့်နေရာတွင်မဆိုလုံးဝပြတ်ခြင်း | ၉ |
| ၆၀။ | လက်ညှိုးတစ်ချောင်းမည်သည့်နေရာတွင်မဆိုလုံးဝပြတ်ခြင်း | ၉ |
| ၆၁။ | လက်ခလယ်၊ လက်သူကြွယ်၊လက်သန်းမည်သည့်နေရာတွင်မဆိုလုံးဝပြတ်ခြင်း | ၇.၅ |
| ၆၂။ | ခြေမမှတစ်ပါးအခြားခြေချောင်းတစ်ချောင်းလုံးဝပြတ်ခြင်း | ၇.၅ |
| ၆၃။ | လက်ခုံရိုးတစ်ရိုးကျိုးခြင်း | ၅ |
| ၆၄။ | ခြေခုံရိုးတစ်ရိုးကျိုးခြင်း | ၅ |
| ၆၅။ | လက်မတစ်ဖက်ကျိုးခြင်း | ၅ |
| ၆၆။ | ခြေမ တစ်ချောင်းကျိုးခြင်း | ၅ |
| ၆၇။ | ကျန်လက်တစ်ချောင်းချောင်းကျိုးခြင်း | ၃ |
| ၆၈။ | ကျန်ခြေချောင်းတစ်ချောင်းချောင်းကျိုးခြင်း | ၃ |
| ၆၉။ | သွားကျိုးခြင်း (သွား)တစ်ချောင်းလျှင် | ၂.၅ |
| ၇၀။ | ထိခိုက်ဒဏ်ရာရခြင်းကြောင့် ဆေးရုံတက်ရခြင်းအတွက် ရက်သတ္တတစ်ပါတ်လျှင် အာမခံထားငွေ၏ ၃%ဖြင့် အများဆုံးအာမခံထားငွေ၏ ၁၅% ထက်မပိုသောငွေကြေး | |
| ၇၁။ | ထိခိုက်ဒဏ်ရာရခြင်းကြောင့် အလုပ်မလုပ်နိုင်ခြင်းအတွက် ရက်သတ္တတစ်ပါတ်လျှင် အာမခံထားငွေ၏ ၃% ဖြင့် အများဆုံး အာမခံထားငွေ၏ ၁၅% ထက်မပိုသောငွေကြေး | |

**မှတ်ချက်**

၁။ အထက်ဖော်ပြပါဒဏ်ရာများတွင် အကျုံးမဝင်ဘဲ ဝင်ငွေမရှာနိုင်လောက်အောင် ပြင်းထန်စွာထိခိုက်လျှင် မစွမ်းမသန်ဟု သတ်မှတ်သည်။ အာမခံထားငွေအပေါ် ဆရာဝန်များကသတ်မှတ်သော မစွမ်းမသန်မှုရာခိုင်နှုန်းအရ အကျိုးခံစားခွင့်ပေးလျော်မည်။ ထာဝစဉ်လုံးဝမစွမ်းမသန်ဖြစ်ခြင်း (Total Permanent Disability) ကို ၁၀၀% ဟုသတ်မှတ်သည်။ ယင်းအပေါ်အခြေခံ၍ အာမခံထားသူ၏ မစွမ်းမသန်ဖြစ်မှုရာခိုင်နှုန်းကို ဆရာဝန်များက စစ်ဆေးသတ်မှတ် အတည်ပြုရန်ဖြစ်သည်။

၂။ အထက်ဖော်ပြပါဒဏ်ရာများတွင် အကျုံးမဝင်သည့်အပြင် မစွမ်းမသန်ဖြစ်သည်ဟုလည်းမဆိုနိုင်သောကိစ္စများ၌ ဖော်ပြထားသော ဒဏ်ရာများအနက် အနီးစပ်ဆုံးဒဏ်ရာတစ်ခုခုကို ဆရာဝန်များကရွေးချယ်သတ်မှတ်ပေးရန် ဖြစ်ပါသည်။